# မြန်မာ့ခရီးသွားလာရေး ဥပဒေမူကြမ်း (၂၀၁၈)

## ဥပဒေပိုင်း လေ့လာ သုံးသပ်ချက်

ပံ့ပိုးသည့် အဖွဲ့အစည်းများ

tourism transparency

Myanmar Centre for Responsible Business

Hanns Seidel Foundation

# I. အစီအစဉ်

- ခရီးသွားလာရေး ဥပဒေမူဘောင်ကို ပြုပြင်ပြောင်းလဲရန် လိုအပ်ချက် ရှိနေပါသည်။

  ၁၉၉၃ခုနှစ် ခရီးသွားလာရေး ဥပဒေသည် ယခုအခါ အသက်ဝင်နေဆဲ ဖြစ်ပါသည် → လွန်ခဲ့သော ၂၅နှစ်အတွင်း မြန်မာနိုင်ငံသည် စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေး ပြောင်းလဲမှုများစွာကို မြင်တွေ့ခဲ့ပါသည် → ဥပဒေမူဘောင်သည် လက်ရှိ မြေပြင် အခြေအနေများအတွက် မသင့်တော်တော့ဘဲ ပြန် လည် သုံးသပ်ရန် လိုအပ်လာပါသည်။

- ခရီးသွားလုပ်ငန်းသည် စီးပွားရေးကို ဦးဆောင်ဦးရွက်ပြုပေးသော ကဏ္ဍတစ်ရပ် ဖြစ်သည်။ ရေရှည်တည်တံ့ ခိုင်မြဲစွာ စီမံခန့်ခွဲလျှင်၊ လုပ်ဆောင်လျှင် အလွန် အရေးကြီးသော ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ ဆောင်ယူပေးနိုင်ပါသည်။

- လက်ရှိ ခရီးစဉ်ဒေသများအတွက် အကျိုးကျေးဇူးများစွာ ပံ့ပိုးပေးပါ သည်။ ကျေးလက် (နှင့် ဆင်းရဲသော) ဒေသများသာမက မြို့ပြဒေသများအတွက်ပါ အပြုသဘောဆောင်သော လွှမ်းမိုးမှုပေးနိုင်သည့် အလားအလာရှိပါသည်။

## တသမတ်တည်းရှိသော ဥပဒေမူဘောင်တစ်ခု၏ ရည်မှန်းချက်များ

- ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ဆောင်ချက်များ၏ စနစ်ကျသော ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲမှုအတွက် စနစ်ကျ ပြည့်စုံလွှမ်းခြုံမှုရှိသော ဥပဒေမူဘောင်တစ်ရပ် ရေးဆွဲပေးရန်
- သဘာဝ ရင်းမြစ်များကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းကို ကူညီပံ့ပိုးပေးရန်။
- ခရီးသွားလာရေးလုပ်ငန်းမှ စားသုံးသူများနှင့် အဖွဲ့အစည်းများအား အခြေခံကျသော ဥပဒေ အကာအကွယ် ပံ့ပိုးပေးရန်

# III. နိုင်ငံတကာ အမြင်ရှုထောင့်နှင့် ဒေသတွင်း သာဓကများ

- နိုင်ငံတကာ ခရီးသွားလာရေး ဥပဒေများနှင့် နည်းဥပဒေများသည် ခရီးသွားလုပ်ငန်းကဏ္ဍ လည်ပတ် လုပ်ဆောင်နိုင်သည့် မျှတ၍ တန်းတူညီမျှသော ဝန်းကျင်တစ်ခုကို ပံ့ပိုးပေးရန် ရည်ရွယ်ကြသည်။

- ခရီးသွားလာရေး ဥပဒေများနှင့် နည်းဥပဒေအများစုသည် ခရီးသွားလာရေး ကဏ္ဍကို လုပ်ငန်းအမျိုးမျိုးကို စည်းကမ်းကြပ်မတ်၊ ကွပ်ကဲသော ပြည်နယ်၊ ပြည်ထောင်စုနှင့် နိုင်ငံတော် ဥပဒေများကို ပေါင်းစည်းထားခြင်း ဖြစ်ပါသည် → ဤသို့ဆိုလျှင် ပတ်ဝန်းကျင်ဆိုင်ရာ နည်းဥပဒေများမှသည် ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၊ လူထုအခြေပြု ခရီးသွားလုပ်ငန်း၊ လေကြောင်းစည်းကမ်းများ စသဖြင့် များစွာ ပါဝင်နိုင်ပါသည်။

- တွေ့ရှိချက် - ခရီးသွားလာရေးကို အုပ်ချုပ်သော ဥပဒေများသည် ရှုတ်ထွေး ကျယ်ပြန့်သောကဏ္ဍတစ်ခုကို လွှမ်းခြုံရသဖြင့် ပရမ်းပတာ ဖြစ်တတ်၊ ထုံးမီစံမျှ မဖြစ်တတ်ပေ။

**ခရီးသွားလာရေး ဥပဒေများအားလုံးသည် ခရီးသွား စားသုံးသူများနှင့် အဖွဲ့အစည်းများကို အကာအကွယ်ပေးရန် ကြိုးစားကြပါသည်**

# III. နိုင်ငံတကာ အမြင်ရှုထောင့်နှင့် ဒေသတွင်း သာဓကများ

## ဗီယက်နမ် ခရီးသွားလာရေး ဥပဒေ (၂၀၁၇)

- ဥပဒေသည် ပကတိ အခြေအနေမှန်များနှင့် ကိုညီရန်၊ ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်မှုကို ချောမွေ့စေရန် ပံ့ပိုးကူညီပေးစေရန်နှင့် စားသုံးသူများကို ကာကွယ်ပေးမှုကို ပိုမိုကောင်းမွန်စေရန် စသည်တို့ သေသေချာချာ ပံ့ပိုးပေးနိုင်ရန်
- လူထုအခြေပြု ခရီးသွားလာရေးနှင့် ခရီးသွားလုပ်ငန်း မှတဆင့် ဒေသခံရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထူးအလေးထားရန်
- ယခင်ဥပဒေမှ သိသာ ထင်ရှားသော ပြောင်းလဲမှု - ခရီးသွားလာရေး ဗဟိုပြုသော ချဉ်းကပ်မှု၊ စားသုံးသူ အကာအကွယ် ပေးခြင်း
- များစွာသော စီမံအုပ်ချုပ်ရေးပိုင်း လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းလွယ်ကူအောင် ဆောင် ရွက်ခြင်း
- ဒေသန္တရ အစိုးရများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ တာဝန်များကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြခြင်းအားဖြင့် ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးကူညီပေးခြင်း

## စင်ကာပူ


- စင်ကာပူ ခရီးသွားလာရေး အက်ဥပဒေ
- စားသုံးသူ အကာအကွယ်ပေးရေး(မျှတသော ကုန်သွယ်ရောင်းဝယ်မှု) အက်ဥပဒေ
- ဟိုတယ်များ အက်ဥပဒေ
- စသဖြင့်

**+ အာဆီယံ စံနှုန်းများ**

# IV. တည်ဆဲ မြန်မာ့ ခရီးသွားလာရေး ဥပဒေမူဘောင်

- မြန်မာ့ ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေ (၁၉၉၃)
- ဟိုတယ်လုပ်ငန်းနှင့် တည်းခိုရိပ်သာလုပ်ငန်း လိုင်စင်ဆိုင်ရာ အမိန့် (၂၀၁၁)
- ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်ဆိုင်ရာ အမိန့် (၂၀၁၁)
- ခရီးလှည့်လည်ရေးလုပ်ငန်း လိုင်စင်ဆိုင်ရာ အမိန့် (၂၀၁၁)
- ခရီးသည်ပို့ဆောင်ရေး လိုင်စင်ဆိုင်ရာ အမိန့် (၂၀၁၁)
- ခရီးသွားလာရေးနှင့် ဆက်စပ်နေသော ဥပဒေများ -
  မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)၊ အလုပ်သမား ဥပဒေအမျိုးမျိုး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂)၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၁၅)၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေ (၂၀၁၂) စသည်တို့ ဖြစ်ပါသည်။
- လေကြောင်းနှင့် ဆက်စပ်နေသော ဥပဒေများ -
  မြန်မာ့လေယာဉ်အက်ဥပဒေ (၁၉၃၄)၊ လေယာဉ် အက်ဥပဒေ (၂၀၁၄)၊ လေယာဉ် နည်းဥပဒေ (၁၉၂၀)၊ (၁၉၃၇)နှင့် (၁၉၄၆)၊ လေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်း (၁၉၃၄)


# IV. တည်ဆဲ မြန်မာ့ ခရီးသွားလာရေး ဥပဒေမူဘောင်





- ပြည်နယ်/ တိုင်းဒေသကြီးများ၏ တာဝန်များကို ရည်ညွှန်းထားခြင်း မရှိပါ။
- တိုင်းဒေသကြီးများမှ ခရီးသွားလာရေး ဝန်ကြီးများမှာ မည်သည့်နေရာတွင် ရှိသနည်း။ ယင်းတို့၏ အခန်းကဏ္ဍမှာ မည်သို့နည်း။
- ဗဟိုချုပ်ကိုင်သော စီမံခန့်ခွဲမှု၏ ပြဿနာများသည် မြင်သာပေသည်။
- မည်သည့် အင်စတီကျူးရှင်းကိုမျှ ရည်ညွှန်းထားခြင်း မရှိပါ (MFT၊ ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းအသင်းအဖွဲ့များ စသဖြင့်) သို့မဟုတ် ပြည်နယ်/ တိုင်းဒေသ ကြီး သို့မဟုတ် မြို့နယ် အဆင့်များ၊

# IV. တည်ဆဲ မြန်မာ့ ခရီးသွားလာရေး ဥပဒေမူဘောင်


ခရီးသွားလာရေး မူဝါဒ (၂၀၁၃)တွင်
ဒေသခံများ ပါဝင်မှု




သဘာဝအခြေခံခရီးသွားလာ
ရေး မူဝါဒ (၂၀၁၅)




တာဝန်သိ ခရီးသွားလာရေး မူဝါဒ (၂၀၁၂)



ခရီးသွားလာရေး မဟာ
စီမံကိန်း Master Plan
(၂၀၁၃)



# V. မြန်မာ့ ခရီးသွားလာရေး ဥပဒေ မူကြမ်း

## နိဒါန်း

- ၂၀၁၄ခုနှစ်တွင် ဟိုတယ်နှင့်ခရီး ဝန်ကြီးဌာနမှ ဥပဒေ ပထမမူကြမ်းကို ၂၀၁၄ခုနှစ်တွင် ထုတ်ပြန်ခဲ့။

  - အချို့သော အကျိုးသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးခဲ့သော်လည်း အပြီးသတ်မူကြမ်းကို တရားဝင် ထုတ်ဝေခဲ့ခြင်း မရှိပေ။

- ၂၀၁၆/၂၀၁၇တွင် ဟိုတယ်နှင့်ခရီးဝန်ကြီးဌာနသည် ထပ်မံ တိုင်ပင်ဆွေးနွေးမှုများ စတင်ခဲ့။


  - ဥပဒေမူကြမ်းကို မှတ်ချက်ပေးရန် အများပြည်သူများ လေ့လာနိုင်၊ MTF ၊ UMTA နှင့် ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများ ပါဝင်ခဲ့၊ ဝန်ကြီးဌာနသည် ဥပဒေ ပထမမူကြမ်းကို ၂၀၁၄ခုနှစ်တွင် ထုတ်ခဲ့။
  - အကြံပေး၊ ဆွေးနွေးမှုများကို မည်သို့ ထည့်သွင်းစဉ်းစားခဲ့သည်မှာ မရှင်းလင်းပေ။

- ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလတွင် လွှတ်တော်သို့ မြန်မာ့ ခရီးသွားလာရေး ဥပဒေ မူကြမ်းကို တင်သွင်းခဲ့ခြင်း။

# မာတိကာ


1) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်
2) ရည်ရွယ်ချက်များ
3) အမျိုးသား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး ကဏ္ဍ ဗဟိုကော်မတီ ဖွဲ့စည်းခြင်း
4) ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်း
5) ခရီးသွားလုပ်ငန်းများ အမျိုးအစား သတ်မှတ်ခြင်း၊ လိုင်စင်ကြေးများ အဓိပ္ပာယ် ဖော်ပြခြင်းနှင့် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း ခြင်း
6) ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ
7) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ခရီးသွားလာရေး လုပ်ငန်းအာဏာပိုင်အဖွဲ့ ဖွဲ့ စည်းခြင်း
8) ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်း
9) ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များ
10) ခရီးသွားလုပ်ငန်းကဏ္ဍတွင်လူ့စွမ်းအား ရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေး
11) ရန်ပုံငွေများ
12) ခရီးသွားလုပ်ငန်းများ၏ ရပိုင်ခွင့်များနှင့် တာဝန်များ
13) ကြိုတင် ခွင့်ပြုချက်အတွက် လျှောက်ထားခြင်း
14) လိုင်စင်ပေးခြင်း
15) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း
16) ကန့်သတ်ချက်များ
17) ပြစ်ဒဏ်များ
18) အထွေထွေ

# V. မြန်မာ့ ခရီးသွားလာရေးလုပ်ငန်း ဥပဒေ မူကြမ်း



# VI. ၁၉၉၃မှစပြီး မြန်မာနိုင်ငံတွင် မည်သည်တို့ ပြောင်းလဲခဲ့ပါသနည်း။

## နိုင်ငံရေးနှင့် စီးပွားရေး

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ
- ဥပဒေအမှတ် ၄၅/၂၀၁၅ - ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ဇယားများကို ပြင်ဆင်ပြီး ဟိုတယ်၊ တည်းခိုခန်း/ ခရီးသွားလာရေး လုပ်ငန်းတို့ကို ပြည်နယ်/ တိုင်းဒေသကြီး၏ ဆောင်ရွက်ခွင့်ရှိသော လုပ်ငန်းဖြစ်အောင် အတိအလင်း လုပ်ဆောင်ခြင်း။
- ဗဟိုချုပ်ကိုင်မှု လျော့ကျရေးနှင့် ဖက်ဒရယ်မှုများဘက်သို့ ရွေ့လျားခြင်း။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်
- ပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ချက် လုပ်ငန်းစဉ်အတွက် ပို၍ စိုးရိမ်မှု။
- ပုဂ္ဂလိကကဏ္ဍ၊ အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လုပ်သာကိုင်သာ ဝန်းကျင် ဖြစ်စေရန်

## ခရီးသွားလုပ်ငန်း

- သွားရောက်နိုင်ခြင်း - မြို့နယ်ပေါင်းများစွာထံ ယခုအခါ သွားနိုင်ပြီး နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု။
- ပြည်တွင်းအဝင် ခရီးသွားလုပ်ငန်း- အာရှနှင့် အနောက်တိုင်း ခရီးသွားများ၊ ခရီးသွားဧည့်သည် မဟုတ်သော လာရောက်သူများ မြန်မာ နိုင်ငံတွင် ပိုများလာသည် - စီးပွားရေး လုပ်ငန်း၊ NGOs ။
- မြန်မာနိုင်ငံ ပြည်တွင်း ခရီးသွားလုပ်ငန်း သိသိသာသာ ကြီးထွားလာမှု။
- ပြည်ပအတွက် ခရီးသွားလုပ်ငန်း - မြန်မာများသည် နိုင်ငံရပ်ခြားသို့ ခရီးထွက်ကြ။
- နည်းပညာ ပြောင်းလဲမှုများ - TripAdvisor ၊ AirBnB စသဖြင့် ...

## ခရီးသွားလာရေးဥပဒေ ပြန်လည် ပြုပြင်၊ ပြင်ဆင်ရေးအတွက် အခြေခံမှုများ

1. မြန်မာနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဟူသော သုံးထပ်ကွမ်း ကူးပြောင်းမှုကို ထောက်ကူ ပံ့ပိုးခြင်း။
2. ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂၊ ၅တို့နှင့်အညီ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း။
3. ဒေသန္တရ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုနှင့် စီမံကိန်းရေးဆွဲမှုကို ပိုမို ခိုင်မာအားကောင်းစေရန်။
4. အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ကြိုးနီစနစ်ကိုဖြေလျှော့ရန်။
5. ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှု ပိုမို အားကောင်းစေရန်နှင့် ဌာနေတိုင်းရင်းသား အခွင့်အရေးများကို လေးစားရန်
6. ခရီးသွားဧည့်သည်များကို ကာကွယ်ပေးရန်နှင့် နိုင်ငံခြားသားနှင့် မြန်မာဧည့်သည့်များအတွက် တန်းတူညီမျှသော အကာအကွယ် သေချာစွာ ပေးရန်။
7. ခရီးသွားလုပ်ငန်းဆိုင်ရာ နည်းပညာနှင့် ဥပဒေ ကျွမ်းကျင်မှု ပံ့ပိုးပေးရန်။

**အခြေခံမှု ၁ - မြန်မာနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဟူသော သုံးထပ်ကွမ်း ကူးပြောင်းမှုကို ထောက်ကူ ပံ့ပိုးခြင်း။**

**စိုးရိမ်မှု - လက်ရှိ ဥပဒေသည် ဒီမိုကရေစီ အသွင်ကူးပြောင်းခြင်း သဘောတရားများကို လက်မခံ၊ မကြိုဆိုပေ -**

- စီးပွားရေး - လုပ်သာကိုင်သာ ဝန်းကျင်ကို ဖန်တီးရန်၊ ကြိုးနီစနစ်ကို လျှော့ချရန်။
- နိုင်ငံရေး - ခရီးသွားလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ပိုင်ခွင့်အာဏာများကို ဗဟို ချုပ်ကိုင်မှု လျှော့ချရန်၊
- ငြိမ်းချမ်းရေး - အရေးကြီးသော အကျိုးအမြတ်များကို ဒေသခံ လူထုများနှင့် မျှဝေရန်။

**ဖြေရှင်းနည်း**

နိုင်ငံရေးစိတ်ဆန္ဒ၊ အဓိပ္ပာယ်ရှိသော အကျိုးသက်ဆိုင်သူများ တိုင်ပင်ညှိနှိုင်းဆွေးနွေးမှုများ၊ တန်းတူညီမျှမှုရှိသော ခရီးသွားလာရေးလုပ်ငန်း စီမံခန့်ခွဲမှု၊ အစိုးရအောက်ခြေ အဆင့်များသို့ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှင့် အစိုးရ အခြားအဆင့်များသို့ အာဏာများ အပ်နှင်းခြင်းနှင့် ရေရှည် တည်တံ့ခိုင်မြဲသော ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းတို့မှတဆင့် နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့် အာဏာ ခွဲဝေပေးခြင်းတို့ကို ကိုင်တွယ်ဖြေရှင်းနိုင်ပါသည်။

## အခြေခံမှု ၂ - ၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား ၂နှင့် ၅တို့နှင့် အညီ ဗဟို ချုပ်ကိုင်မှုကို လျှော့ချခြင်း

**စိုးရိမ်မှု** - ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေအမှတ် ၄၅/၂၀၁၅အရ ဟိုတယ် တည်းခိုရေးနှင့် ခရီးသွားလာရေးလုပ်ငန်းကို ပြည်နယ်/ တိုင်းဒေသကြီး လုပ်ပိုင်ခွင့်။

ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၅/၂၀၁၅ (ဇယား၂နှင့် ဇယား၅ပြင်ဆင်မှုများ) ကို ဥပဒေမူကြမ်းရေးဆွဲရာတွင် ထည့်သွင်း မစဉ်းစားထားပေ။

ဗဟိုချုပ်ကိုင်မှု လျှော့ချရေးသည် ဖက်ဒရယ်ဝါဒသို့ သွားသည့် လုပ်ငန်းစဉ်ကို ဦးဆောင်ဦးရွက်ပြုနိုင်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့လည်း အရေးကြီးသော ပံ့ပိုးမှုတစ်ရပ် လုပ်ဆောင်ပေးနိုင်ပါသည်။

**ဖြေရှင်းနည်း**

ဇယား၂နှင့်၅သည့် တာဝန်များကို ရှင်းလင်းစွာ လွှဲအပ်ပေးသည်။ ဥပဒေကို ဖွဲ့စည်းပုံအခြေခံပဒေအရ ပြန်လည် သုံးသပ်ရမည့်အပြင် ထိုတာဝန်များကိုလည်း ရှင်းလင်းစွာ ဖော်ထုတ်သင့်ပါသည်။

ခရီးသွားလုပ်ငန်းကို ဗဟိုချုပ်ကိုင်မှု လျှော့ချသင့်ပါသည် -

ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့များကိုဖြစ်စေ၊ အောက်တစ်ဆင့်ကိုဖြစ်စေ လွှဲပေးသင့် - အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လုပ်သာကိုင်သာ ဝန်းကျင်တစ်ခုကို ဖန်တီးပေးခြင်း။

လက်ရှိတွင် အမျိုးသား ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့သာ ဥပဒေမူကြမ်းထဲ၌ ဟိုတယ်/ တည်းခိုခန်းလိုင်စင်ချပေးရန် တာဝန် ရှိနေဆဲ ဖြစ် => ဤအချက်သည် အနည်းဆုံး ပြည်နယ်/ တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အဆင့် သို့ မြို့နယ်အဆင့် (မြို့နယ်စည်ပင်သာယာမှ လိုင်စင်ထုတ်ပေးသော တည်းခိုခန်းများကဲ့သို့) ဖြစ်သင့်ပေသည်။

| Constitution | Schedule (As amended by Law 45/2015 of |
|---|---|
| Art 96. The Pyidaungsu Hluttaw shall have the right to enact laws for the entire or any part of the Union related to matters prescribed in Schedule One of the Union Legislative List. | **Schedule One**<br>**4. Economic Sector**<br>(a) Economy;<br>(b) Commerce;<br>(c) Co-operatives;<br>(d) Corporations, boards, enterprises, companies and partnerships;<br>(e) Imports, exports and quality control thereon;<br>**(f) Hotels and lodging houses; and**<br>**(g) Tourism.** |
| 188. The Region or State Hluttaw shall have the right to enact laws for the entire or any part of the Region or State related to matters prescribed in Schedule Two of the Region or State Hluttaw Legislative List. | SCHEDULE TWO<br>**Region or State Legislative List**<br>**2. Economic Sector**<br>(a) Economic matters undertaken in the Region or State in accord with law enacted by the Union;<br>(b) Commercial matters undertaken in the Region or State in accord with law enacted by the Union; and<br>(c) Co-operative matters undertaken in the Region or State in accord with law enacted by the Union.<br>**(d) Hotel and guest house business, in accordance with the law enacted by the Union, to be managed by State or Region. [added in Law 45/2015]**<br>**(e) Tourism business, in accordance with the law enacted by the Union, to be managed by State or Region. [added in Law 45/2015]** |
| **Charges and Taxes to be Collected by the Region or State Government**<br>254. (a) The Region or State shall collect the taxes and revenues listed in Schedule Five in accord with law and deposit them in the Region or State fund.<br>(b) The Region or State has the right to expend the Region or State fund in accord with the law. | SCHEDULE FIVE<br>**Taxes Collected by Region or States**<br>…….<br>**(25) Hotel and guest house tax matters undertaken by State or Region in accordance with the law enacted by the Union. [added in Law 45/2015]**<br>**(26) Tax matters relating to tourism managed by State or Region in accordance with the law enacted by the Union. [added in Law 45/2015]** |

## အခြေခံမှု ၂ (ဆက်လက်ဆွေးနွေးခြင်း) - ၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား ၂နှင့် ၅တို့နှင့် အညီ ဗဟို ချုပ်ကိုင်မှုကို လျှော့ချခြင်း

ဗဟိုချုပ်ကိုင်မှု လျှော့ချသော ပြဋ္ဌာန်းချက်များ -

- ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်ထုတ် ဥပဒေအမှတ် ၄၅/၂၀၁၅သည် ဇယား ၂ (ဥပဒေပြုခြင်း)နှင့် ၅ (အခွန်အခ ကောက်ခံခြင်း)တို့တွင် ဟိုတယ်များ၊ တည်းခိုရိပ်သာများနှင့် ခရီးသွားလုပ်ငန်း ပါဝင်ခြင်းဖြင့် ခရီးသွားလာရေးလုပ်ငန်း နှင့် ဟိုတယ်လုပ်ငန်းကို ပြည်နယ်/ တိုင်းဒေသကြီး၏ လုပ် ပိုင်ခွင့်အာဏာအဖြစ် အတိအကျ သတ်မှတ်ပါသည်။

- ဤဗဟိုချုပ်ကိုင်မှု လျှော့ချသော ပြဋ္ဌာန်းချက်များ အသုံးပြုရန် နယ်ပယ်ကို ပြည်ထောင်စုအဆင့် ဥပဒေထဲတွင် အတိအကျ ပြဋ္ဌာန်းသင့်ပေသည်။ ထိုအခါ ပြည်နယ်များနှင့် တိုင်းဒေသကြီးများသည် အထူးသဖြင့် လိုင်စင် ချပေးခြင်းနှင့် အခွန်ကောက်ခံခြင်းတို့နှင့် စပ်လျဉ်း၍ ဥပဒေများကို ပြဋ္ဌာန်းရေး ဆုံးဖြတ်ဆောင်ရွက်နိုင်အောင် အခြေအနေပေးလိမ့်မည်။

- ပြည်ထောင်စုအဆင့်တွင် ဘေးကင်း လုံခြုံရေးနှင့် စားသုံးများ အကာအကွယ်ပေးရေးဆိုင်ရာ အချို့သော အခြေခံ စံနှုန်းများ သတ်မှတ်သင့်ပါသည်။ဤသို့ ပြဋ္ဌာန်းသည်မှာလည်း ကဏ္ဍာအမျိုးစုံမှ ဥပဒေများထဲတွင် ဤစံနှုန်းများကို ပြဋ္ဌာန်းသတ်မှတ်ခြင်း မဖြစ်စေရန်အထိသာ လိုအပ်သည်။

## အခြေခံမှု ၂ (ဆက်လက်ဆွေးနွေးခြင်း) - ၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား ၂နှင့် ၅တို့နှင့် အညီ ဗဟို ချုပ်ကိုင်မှုကို လျှော့ချခြင်း

*ဥပဒေအတွက် သာဓက စာပိုဒ်များ -*

1. အခြားသော တည်ဆဲ ဥပဒေများထဲတွင် ပြဋ္ဌာန်းပေးထားခြင်း မရှိသောအခါ ခရီးသွားလာရေး လုပ်ငန်း တည်းခို နေထိုင်ရေးနှင့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ ဘေးကင်း လုံခြုံရေးနှင့် စားသုံးသူများအား အကူအညီပေးရေးအတွက် လိုအပ်သော စည်းကမ်းချက်များကို ဤဥပဒေနှင့် နောက်ဆက်တွဲ နည်းဥပဒေများမှ သတ်မှတ် ပြဋ္ဌာန်းပေးရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား၂တို့နှင့်အညီ တိုင်းဒေသကြီး သို့ ပြည်နယ် လွှတ်တော်သည်လည်း ဤဥပဒေတွင် ပြဋ္ဌာန်းထားသော အဆင့်ထက် ခရီးသွားဧည့်သည်များအတွက် ဘေးကင်း လုံခြုံရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေးအဆင့်ကို ပိုမို ကောင်းမွန်စေမည့် ဥပဒေကို ပြဋ္ဌာန်းနိုင်သည်။

2. ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား ၂ တို့နှင့်အညီ တိုင်းဒေသကြီး သို့ ပြည်နယ်လွှတ်တော်သည် ဤဥပဒေမှ သတ်မှတ်ပေးသော ခရီးသွားလာရေးလုပ်ငန်း၏ အားလုံးသော အခြား ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေ ပြဋ္ဌာန်းနိုင်သည်။ တိုင်းဒေသကြီး သို့ ပြည်နယ်အဆင့်တွင် ဥပဒေ ပြဋ္ဌာန်း မထားသောအခါ ပြည်ထောင်စုအဆင့် ဥပဒေကို လိုက်နာရမည်။

## အခြေခံမူ ၃ - ဒေသန္တရ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုနှင့် စီမံကိန်းရေးဆွဲမှုကို ပိုမို ခိုင်မာအားကောင်းစေရန်။

**စိုးရိမ်မှု- ခရီးသွားလုပ်ငန်းတွင် ဒေသန္တရအဆင့် ပါဝင်ဆောင်ရွက်မှု လက်ရှိတွင် မရှိခြင်း။**

- ဗဟိုချုပ်ကိုင်မှု မလျှော့ချခြင်း၏ ပြဿနာ - အကယ်၍ ဒေသန္တရ၊ တိုင်းဒေသကြီး/ ပြည်နယ် အဆင့် အစိုးရတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် အာဏာမရှိပါက ဒေသခံ ပြည်သူများ မည်သို့ ပါဝင် ဆောင်ရွက်မည်နည်း။ ဒေသခံ လူထု ပါဝင်ဆောင်ရွက်မှု ပို၍ ရှိစေရန် လိုအပ်သည်။
- ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆုံးဖြတ်ချက်များတွင် ဒေသခံ လူထု ပါဝင်ဆောင်ရွက်နေပါသည်ဟူသော မည်သည့် အာမခံချက်မျှ မရှိပေ။
- ခွင့်ပြုချက် ပေးသည့် လုပ်ငန်းစဉ်များ၊ ခရီးသွားဧည့်သည် ဝင်ကြေးများနှင့် အစိုးရအဆင့်ဆင့်မှ ကောက်ခံသော ရန်ပုံငွေများနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှု ရှိအောင် သေချာ လုပ်ဆောင်ရန်။

**ဖြေရှင်းနည်းများ -**

- ခရီးသွားလုပ်ငန်း ဝင်ကြေးအများစုကို တိုင်း/ပြည်အဆင့်တွင် ယူထားသင့်သည်။
- မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများနှင့် ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်သည့်အတွက် ယခုထက်ပို၍ အားကောင်းသော လွှမ်းမိုးမှု ရှိသင့်သည်  -> ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ယင်းတို့၏ လက်ရှိအခန်းကဏ္ဍမှာ မရှင်းလင်းချေ။
- ရေရှည် အောင်မြင်မှုအတွက် - အထူးသဖြင့် လူထုအခြေပြု ခရီးသွားလုပ်ငန်း (community-based tourism CBT) အတွက် ဒေသခံ ပြည်သူများ၏ ပူးပေါင်း ပါဝင်ဆောင်ရွက်မှု မဖြစ်မနေ လိုအပ်သည်။

## အခြေခံမှု ၄ - အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ အတွက်  ကြိုးနီစနစ်ကိုဖြေလျှော့ရန်။

**စိုးရိမ်မှု - ကျယ်ပြန့် ကွဲပြားမှုရှိသော ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ပြင်လွယ်၊ ပြောင်းလွယ်မရှိသောဥပဒေ နှင့် လျော်ကန်မှုမရှိသော နည်းဥပဒေများ၊ စည်းမျဉ်းများ**

- တည်းခိုခန်းငယ်/ ရေငုပ်လုပ်ငန်း/ ကယက်လှေလုပ်ငန်း/ ယောဂ အပန်းဖြေ ခရီး စသည်တို့ကို မည်သို့ ဖွင့်မည်နည်း။ လုပ်ငန်းစဉ်သည် မရှင်းလင်း၊ ရှည်လျား၊ ပွေလီခက်ခဲပြီး အကျင့်ပျက် ခြစားမှုဒဏ်ခံရနိုင်သည်။
- ခွင့်ပြုချက် ပေးသည့် လုပ်ငန်းစဉ်များ၊ ခရီးသွားဧည့်သည် ဝင်ကြေးများနှင့် အစိုးရအဆင့်ဆင့်မှ ကောက်ခံသော ရန်ပုံငွေများနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှု ရှိအောင် သေချာ လုပ်ဆောင်ရန်။
- တည်းခိုနေထိုင်ရေးဆိုလျှင် အားလုံးတည်းခိုနေထိုင်ရေး အမျိုးအစားတိုင်း ပါဝင်ကြောင်း ဥပဒေသည် ရှင်းလင်းစွာ ပြဋ္ဌာန်းရန် လိုအပ်သည်။
- ဟိုတယ်၊ တည်းခိုခန်း၊ ဧည့်ရိပ်သာ စသဖြင့် အပေါ်ယံ ခွဲခြားခြင်း လုံးဝ မရှိရ  –> အားလုံးကို "တည်းခို နေထိုင် ခြင်း" ဟုသာ ခေါ်ဝေါ်သတ်မှတ်ရန်

**ဖြေရှင်းနည်းများ**

- အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် လုပ်သာကိုင်သာ ရာသီဥတုကို ပံ့ပိုးပေးရန်။
- ကြိုးနီစနစ် ဖယ်ရှားခြင်း အပါအဝင် အသေးစားနှင့် အလတ်စား လုပ်ငန်းများအားလုံး၏ လိုအပ်ချက်များကို ထည့်သွင်း စဉ်းစားပေးသော စည်းမျဉ်းစည်းကမ်းများ ရေးဆွဲသည့် စနစ်တကျ နည်းလမ်းကို ကျင့်သုံးရန်။
- (ဇယား ၂တွင် ပါသည့်အတိုင်း) မှတ်ပုံတင်စာရင်းသွင်းသည့် လုပ်ငန်းစဉ်များသည် ပြည်နယ်များ/ တိုင်းဒေသ ကြီးများ၏ စီမံခန့်ခွဲမှုနှင့် တာဝန်အောက်တွင် ရှိသင့်သည် -> အထက်အဆင့်များကို ခွင့်ပြုချက်ကြိုတင်တောင်းခံခြင်း မရှိဘဲ ဆုံးဖြတ်ချက် ချမှတ်သည့် အာဏာသည် ထိုအဆင့်များတွင် ရှိသင့်သည်။

## အခြေခံမှု ၅ - ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှု ပိုမို အားကောင်း စေရန်နှင့် ဌာနေတိုင်းရင်းသား အခွင့်အရေးများကို လေးစားရန်

**စိုးရိမ်မှု - : ပတ်ဝန်းကျင်နှင့် လူမှု-ယဉ်ကျေးမှုဆိုင်ရာ ထည့်သွင်း စဉ်းစားခြင်းများ မရှိခြင်း**

- ဌာနေတိုင်းရင်းသားများ အပါအဝင် ဒေသခံ ရပ်ရွာလူထုများ၏ အခွင့်အရေးများကို ရည်ညွှန်းချက် မရှိခြင်း
- အမှိုက်နှင့် ရေ၊ သန့်ရှင်းရေး စီမံခန့်ခွဲမှုနှင့် မြို့ပြစီမံကိန်းတို့ကို ခရီးစဉ် စီမံခန့်ခွဲမှုအောက်တွင် ကိုင်တွယ်ဖြေရှင်းရမည်။
- ဇုန်သတ်မှတ်ခြင်းအတွက် မည်သို့နည်း။ ဥပမာ - ပင်လယ်အတွက် ကာကွယ်ပေးထား သော ဧရိယာများ သို့ အမျိုးသားဥယျာဉ်များအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု
- ခရီးသွားဧည့်သည် ဝင်ကြေးများ၊ အသုံးပြုခများကို ဒေသန္တရမှ ဆက်ယူထားနိုင်ခြင်း မရှိ ပေ။

**ဖြေရှင်းနည်းများ**

- သဘာဝနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ရန်သာမက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ ပြည်နယ်/ တိုင်းဒေသကြီးနှင့် မြို့နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကို သတ်မှတ်ပေးရန်။
- ခရီးသွားလုပ်ငန်းဥပဒေ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပတ်ဝန်းကျင်နှင့် လူမှုကာကွယ် စောင့်ရှောက်မှုများကို ထည့်သွင်းရန်နှင့် ဒုတိယအဆင့် ဥပဒေများနှင့် ညွှန်ကြားချက်များနှင့်ညီအောင် လုပ်ဆောင်ရန်။
- ဥပမာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂)၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ရေး လုပ်ထုံးလုပ်နည်း (၂၀၁၅)၊ မြေလွတ်၊ မြေရိုင်းနှင့် ပလပ်မြေ ဥပဒေ (၂၀၁၂)၊ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း (UNDRIP) စသည်တို့ ဖြစ်ပါသည်။

# အခြေခံ ၆ - ခရီးသွားဧည့်သည်များကို ကာကွယ်ပေးရန်နှင့် နိုင်ငံခြားသားနှင့် မြန်မာဧည့်သည့်များအတွက် တန်းတူညီမျှသော အကာအကွယ် သေချာစွာ ပေးရန်။

**စိုးရိမ်မှု - စားသုံးသူများအား အကာအကွယ် အလုံအလောက် မရှိခြင်း၊ အလွှာနှစ်ခုပါ သော စနစ်**

- ဥပဒေအသစ်တွင် မည်သည့် စားသုံးသူ အကာအကွယ်ပေးသည့် စာပိုဒ်များ တစ်ခုမျှ မပါဝင်ပေ။
- ပြည်တွင်း ခရီးသွားဧည့်သည်များကို ကာကွယ်ပေးရန် အရေးကြီး လိုအပ်နေ => ဟိုတယ်၊ခရီး ဝန်ကြီးဌာန အချက်အလက်များအရ ၂၀၁၇ခုနှစ်တွင် ပြည်တွင်း ခရီးသွားဧည့်သည် ၅ သန်း ရှိခဲ့။
- ဥပဒေသည် မြန်မာခရီးသွား ဧည့်သည်များနှင့် ယှဉ်လျှင် နိုင်ငံခြားသားများအတွက် ပိုမြင့်မားသော အကာအကွယ်အဆင့်များ မဖန်တီးသင့်ချေ => နှစ်လွှာစနစ်မျိုး မထားသင့်တော့ပေ။

**ဖြေရှင်းနည်းများ**

- ခရီးသွားလုပ်ငန်း ဥပဒေကောင်းတစ်ရပ်တွင် ဘေးကင်းလုံခြုံရေး၊ အာမခံနှင့် စားသုံးသူ ကာကွယ်ခြင်းတို့သည် အဓိက အပိုင်းများ ဖြစ် => ရင်းနှီးမြှုပ်နှံသူ၏ ယုံကြည်စိတ်ချမှု ပိုကောင်းစေသည်
- ဥပမာ - မြန်မာနိုင်ငံသားများအား မတော်တဆ ထိခိုက်မိလျှင် လျော်ကြေးပေးသည့် ခရီးလှည့်လည်ရေး စီစဉ်ပေးသူများအတွက် မဖြစ်မနေ ခရီးသွား အာမခံ
- ခရီးသွားလုပ်ငန်း ဆိုင်ရာ စားသုံးသူ အကာအကွယ် စာပိုဒ်များ - စားသုံးသူ ဈေးကွက်တွင် တန်းတူညီမျှမှု ရပိုင်ခွင့်၊ ဈေးကွက် မြှင့်တင်ရေး လုပ်ရာတွင် ခွဲခြားဆက်ဆံသော ဈေးကွက်မြှင့်တင်ရေးကို ဆန့်ကျင် ကာကွယ်စောင့်ရှောက်ခြင်း၊ သတင်း အချက်အလက်များ ထုတ်ပြန်ပေးမှု ရပိုင်ခွင့်၊ မျှတပြီး တာဝန်ယူမှုရှိသော ဈေးကွက် မြှင့်တင်ရေး၊ မျှတပြီး ရိုးသားဖြောင့်မတ်သော လုပ်ငန်းဆောင်ရွက်မှုများ စသဖြင့် ...
- ခရီးသွား ဧည့်သည်များဖြစ်စေ၊ အခြား ခရီးသွားများဖြစ်စေ၊ မြန်မာဖြစ်စေ၊ နိုင်ငံခြားသား ဖြစ်စေ၊ စီးပွားဖြစ် သယ်ဆောင်သော လှေများ (သို့မဟုတ်) ကားကြီးများတွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ တစ်ခုတည်းသော လိုင်စင် ရှိသင့်ပါသည်။
- (ဥပမာ ဗီယက်နမ်ကဲ့သို့) ခွဲခြားကြည့်သည့် နှစ်လွှာစနစ်ကို ဖျက်သိမ်းခြင်းအားဖြင့် တန်းတူညီမျှသော လုပ်ကွက်တစ်ခုကို ဖန်တီးပေးရန်။

## အခြေခံမှု ၇ - ခရီးသွားလုပ်ငန်းဆိုင်ရာ နည်းပညာနှင့် ဥပဒေ ကျွမ်းကျင်မှု ပံ့ပိုးပေးရန်။

**စိုးရိမ်မှု - အဓိက ဥပဒေ စကားရပ်များနှင့် မြန်မာနိုင်ငံဥပဒေမူဘောင်သို့ ရည်ညွှန်းမှု မရှိခြင်း**
ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသော ဥပဒေများကို ထည့်သွင်း ဖော်ပြခြင်း မရှိပေ (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆၊ များစွာသော အလုပ်သမား ဥပဒေများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး ဥပဒေ (၂၀၁၂)၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် လုပ်ထုံးလုပ်နည်း (၂၀၁၅)၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲမှုဥပဒေ (၂၀၁၂) စသဖြင့် ...) > အခြား ဥပဒေများနှင့် ခရီးသွားလုပ်ငန်း ဥပဒေတို့ ကွဲပြားပဋိပက္ခ ဖြစ်သောအခါ မည်သည့် ဥပဒေမှ လွှမ်းမိုးမည်မှာ မရှင်းလင်းပေ => ဥပဒေများ ဟန်ချက်ညီအောင် ထိန်းညှိခြင်း ဆောင်ရွက်ရန် လိုအပ်သည်

- မူဝါဒများ တစ်သမတ်တည်း ညီညွတ်မှု မရှိခြင်း => မူဝါဒများသည် ဥပဒေကို လမ်းညွှန်ပေးသင့်သည် => တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်း မူဝါဒ၊ ဒေသခံ ရပ်ရွာလူထု ပါဝင်ဆောင်ရွက်မှု ရှိသော ခရီးသွားလုပ်ငန်း မူဝါဒနှင့် သဘာဝခရီးသွားလုပ်ငန်း မူဝါဒ => ပေါင်းစည်းခြင်း လိုအပ်သည်
- အဓိက စကားရပ်များ - ရပ်ရွာလူထုအခြေပြုသော ခရီးသွားလုပ်ငန်း၊ သဘာဝခရီးသွားလုပ်ငန်း၊ ဒေသန္တရ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှု စသည်တို့မှာ အစိုးရ မူဝါဒများ ဖြစ်သောကြောင့် ဥပဒေထဲတွင် ရှင်းလင်းစွာ အဓိပ္ပာယ် ဖွင့်ဆိုထားသင့်ပါသည်။

**ဖြေရှင်းနည်း**
- မြန်မာ့ခရီးသွားလုပ်ငန်း အကျိုးသက်ဆိုင်သူများ၊ ဥပဒေ ပညာရှင်များနှင့် တိုင်ပင် ညှိနှိုင်း ဆွေးနွေးရန်။
- ဆီလျော်သလို ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသော ဥပဒေများကို ရည်ညွှန်းရန်။
- မူဝါဒအတွင်း တသမတ်တည်း ဖြစ်အောင် သေချာ ဆောင်ရွက်ရန်။

# VIII. ဖြေရှင်းနည်းများကို မည်သို့ အကောင်အထည်ဖော်ဆောင်မည်နည်း

ဥပဒေ၏ အချို့သော အပိုင်းများတွင် ပါးနပ်ထိမိစွာ ပြင်ဆင်ခြင်းများ

\+

သင့်တော်လျော်ကန်သော ဒုတိယအဆင့် ဥပဒေပြုခြင်း

\+

မြေပြင်ပေါ်မှ ပကတိအခြေအနေကို ထင်ဟပ်သော အမိန့်များနှင့် ကြေငြာစာများ

=

ဥပဒေ ပြုပြင်ပြောင်းလဲမှု အခြေခံမူများနှင့် ကိုက်ညီသော ခရီးသွားလုပ်ငန်း ဥပဒေမူဘောင်

# IX. အဆိုပြုထားသော ရှေ့လုပ်ငန်းစဉ်များ

- ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ဗဟို၊ ပြည်နယ်/ တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် အစိုးရ၏ အခန်းကဏ္ဍများနှင့် တာဝန်များကို ရှင်းလင်းစွာ ဖော်ထုတ်ရန်။
- ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်တွင် ခရီးသွားလုပ်ငန်း စီမံကိန်းရေးဆွဲခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲမှုနှင့် မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ထူးသဖြင့် လက်ရှိ လစ်ဟာမှုများနှင့် ဥပဒေအတွင်း ကန့်သတ်မှုများကို အဖော်ထုတ်ရန်။
- အထက်ပါ တွေ့ရှိချက်များကို အခြေခံပြီး ခရီးသွားလုပ်ငန်း ရေရှည် တည်တံ့ခိုင်မြဲမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြပ်မတ်ကွပ်ကဲမှုတို့အတွက် ဥပဒေမူကြမ်းကို ပြောင်းလဲမှုများ ဆောင်ရွက်ရန်။
- ခရီးသွားလုပ်ငန်းဥပဒေသစ်ကို အသက်သွင်းနိုင်ရန် အကောင်အထည် ဖော်ဆောင်ရေး စီမံကိန်းတစ်ခုကို ရေးဆွဲရန်။
    - ဥပဒေမူကြမ်းကို ပြန်လည် ပြင်ဆင် ရေးဆွဲရာတွင် လွှတ်တော် ကိုယ်စားလှယ်များအား NGOs များမှ ပံ့ပိုးမှုပေးရန် ကမ်းလှမ်းခြင်း။

ရေရှည် တည်တံ့နိုင်မြဲသော ခရီးသွားလုပ်ငန်းဖြစ်စေရေး အစိုးရများ၏ ကတိကဝတ်များကို အမှန်တကယ် လုပ်ပေးနိုင်ရန် ဥပဒေမူကြမ်းကို ပြန်လည် သုံးသပ်ရန် လိုအပ်သည်။

ခရီးသွားလုပ်ငန်းကဏ္ဍ၏ လက်ရှိ ပကတိအခြေအနေမှန်နှင့် စိန်ခေါ်မှုများကို ဥပဒေမှ အသိအမှတ်ပြုသင့်သည်။